# ကာကွယ်ရေးဝန်ကြီးဌာန

## စစ်ရေးသတင်းအကျဉ်းချုပ်

Date -22/3/2022

### စစ်ကောင်စီနှင့်တိုက်ပွဲဖြစ်ပွားမှု

**ကရင်ပြည်နယ်**

၂၀၂၂ မတ်လ (၂၁) ရက်နေ့၊ ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ ဝေါ်လေမြို့နယ်ခွဲ၊ မောဒီးကျေးရွာ အခြေစိုက် စကစ ခြေလျင်တပ်ရင်း ( ခလရ -၃၂) စခန်းကို KNU တပ်မဟာ (၆) လက်အောက်ခံ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် - KNLA ၂၀၁ တပ်ရင်း နှင့် ပူးပေါင်း တပ်ဖွဲ့တို့ တိုက်ခိုက်သိမ်းပိုက်ရာ စကစ တပ်သား ၆ဦးကျဆုံးခဲ့ပြီး လက်နက်ခဲယမ်း အများအပြား သိမ်းဆည်း ရမိခဲ့ကြောင်း သတင်းရရှိသည်။

၂၀၂၂ မတ်လ (၂၁) ရက်နေ့၊ ကရင်ပြည်နယ်၊ ဒူးပလာခရိုင်၊ နို့တကောမြို့နယ် ၊ ခုတ်ခွားတောင်ပေါ် အခြေစိုက် ခမရ (၄၃၂) တပ်ရင်းနှင့် KNLA တပ်မဟာ (၆) ၊ တပ်ရင်းနှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့။ သုံးတိုင် ကျေးရွာအနီး ခမရ (၂၈၃) တပ်ရင်း နှင့် KNLA တပ်ရင်း (၁၇) တို့ထိတွေ့ တိုက်ပွဲထပ်မံ ဖြစ်ပွားဖြစ်ကြောင်းသတင်းရရှိသည်။

၂၀၂၂ မတ်လ (၁၉) ရက်နေ့၊ ကရင်ပြည်နယ် KNU နယ်မြေအတွင်းသို့ ကျူးကျော်လာသည့် စကစ၏ ခမရ (၄၃၂)တပ်ရင်းနှင့် KNLA တပ်မဟာ (၆) တပ်ရင်း (၁၇) တပ်တို့ ပစ်ခတ်မှု ဖြစ်ပွားခဲ့၍ ထိုပစ်ခတ်မှု၌ စကစတပ်သား ၂ ဦးသေဆုံးပြီး ၃ ဦး ထိခိုက် ဒဏ်ရာ ရရှိခဲ့ကြောင်း သတင်းရရှိသည်။

**ကရင်နီ(ကယား)ပြည်နယ်**

၂၀၂၂ မတ်လ (၂၀) ရက်နေ့၊ ကရင်နီ(ကယား)ပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ ပကြဲစံပြကျေးရွာ ၂၆၁ တပ်အနီးတွင် KA ၊ KNDF/B-12 နှင့် စကစတပ်တို့ ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပြီး စကစဘက်မှ ထိခိုက်ကျဆုံးဦးရေ အတည်မပြုနိုင်သေးကြောင်းသတင်းရရှိသည်။

**စစ်ကိုင်းတိုင်း**

၂၀၂၂ မတ်လ (၂၁) ရက်နေ့၊ စစ်ကိုင်းတိုင်း၊ ကန့်ဘလူမြို့နယ်၊ ချပ်သင်းကျေးရွာရှိ စကစ တပ်သား၊ ပျူစောထီးများကို ကန့်ဘလူမြို့နယ် LPDF အဖွဲ့ (၁) ဖွဲ့မှ လက်လုပ် M79 (၁၆) လုံး၊ ၆၀ မမ (၄) လုံး ဖြင့် ပစ်ခတ်တိုက်တိုက်ခဲ့ကြောင်း သတင်းရရှိသည်။

*မြေပြင်သတင်းတာဝန်ခံများနှင့် သတင်းဌာနများမှ ဖော်ပြလာသော အချက်အလက်များအပေါ် အခြေခံပြုစုထားသည်။*

၂၀၂၂ မတ်လ (၂၁) ရက်နေ့ စစ်ကိုင်းတိုင်း၊ ကလေးမြို့နယ်၊ တောင်ဖီလာရပ်ကွက်၊ တောင်ဖီလာလမ်း မကြီးပေါ်တွင်ရှိသော စကစ တပ်သား (၅) ဦးအား PDF (Kalay) မှ (၃) မိနစ် ခန့် အဆက်မပြတ် ပစ်ခတ်ခဲ့ရာ စကစတပ်သား (၁) ဦးသေဆုံးခဲ့၍ (၂) ဦး ဒဏ်ရာရရှိခဲ့ကြောင်း သတင်းရရှိသည်။

၂၀၂၂ မတ်လ (၂၂) ရက်နေ့ စစ်ကိုင်းတိုင်း၊ ဒီပဲယင်းမြို့နယ်၊ မြင်းတံကျီးကျေးရွာ ၊ ပင်စီကျေးရွာ လမ်းတလျှောက်၌ စကစ တပ်သား အင်အား (၃၀) ခန့်အား ရွှေဘိုခရိုင် ပကဖတပ်ပေါင်းစု (၂)၊ ဒီပဲယင်း မြို့နယ် ပကဖ ၊ မဟာမိတ်အဖွဲ့များ ပူးပေါင်း၍ မိုင်းဆွဲတိုက်ခိုက်ခဲ့ခြင်း၊ Drone ဖြင့် ဗုံးကြဲတိုက်ခိုက် ခဲ့ခြင်းများ ပြုလုပ်ခဲ့ရာ စကစ တပ်သား (၃) ဦး သေဆုံးခဲ့၍ အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း သတင်းရရှိသည်။

၂၀၂၂ မတ်လ (၂၂) ရက်၊ စစ်ကိုင်းတိုင်း၊ ယင်းမာပင်မြို့နယ် ရွှေတောင်ဦးကုန်းမှ လာသည့် စကစ တပ်သား (၅၀)ဦးခန့်အား မြောက်ယမားတံတားမြောက်ဘက်၌ Revolution Youth Group ၊ Regional Friend Fighter ၊ အမိမြေတော်လှန်ရေးအဖွဲ့ တို့မှ မိုင်း (၂၀) လုံးဖြင့် မိုင်းဆွဲတိုက်ခိုက်ခဲ့ရာ စကစ တပ်သား များ သေဆုံးမှုများခဲ့ပြီး အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း သတင်းရရှိသည်။

## ပဲခူးတိုင်း

၂၀၂၂ မတ်လ (၂၁) ရက်နေ့ ပဲခူးတိုင်း၊ ပြည်သူ့ကာကွယ်ရေးတပ်မတော် အင်းတကော်(ပကဖ) IPDF မှ စကစယာဉ်တန်းအား အမြန်လမ်း မိုင်တိုင် (၂၉)၊ (၅) ဖာလုံ အနီး၌ မိုင်းဆွဲတိုက်ခိုက်ခဲ့ရာ စကစယာဉ်တန်းမှ ယာဉ် ၁ စီး အမြန်လမ်း ဘေးမြောင်းထဲသို့ကျသွားကာ စကစတပ်ဖွဲ့များ ထိခိုက်မှုရှိခဲ့ကြောင်း သတင်းရရှိသည်။

## မွန်ပြည်နယ်

၂၀၂၂ မတ်လ (၂၁) ရက်နေ့ ညပိုင်း၌ မွန်ပြည်နယ်၊ သထုံမြို့နယ်၊ ဝင်းပကျေးရွာ နှင့် ဝီယော်ကျေးရွာရှိ စစ်ကောင်စီ တပ်မ ၄၄ လက်အောက်ခံ ခမရ ၉ အထိုင်တပ်ရင်း ဝင်းပနှင့် ခမရ ၉ ရှေ့တန်း ဝီယော်တပ်စခန်း ၂ ခုကို KNU တပ်မဟာ ၁ မှ ၄၀ မမ ဖြင့် သွားရောက်ဖောက်ခွဲခဲ့ရာ တပ်ခွဲမှူးတစ်ဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း သတင်းရရှိသည်။

## မကွေးတိုင်း

၂၀၂၂ မတ်လ (၂၁) ရက်နေ့ မကွေးတိုင်း၊ ပခုက္ကူမြို့နယ်၊ ဂဝံလေးတိုင်ကျေးရွာ စာသင်ကျောင်း၌ စခန်းချတပ်စွဲထားသည့် စကစ အင်အား ၃၀ ဦးခန့်အား ပခုက္ကူ PDF၊ မြစ်ခြေနှင့် ကျွန်းချောင်း ကာကွယ်ရေးတပ်၊ King Fighter နှင့် ပေါက်မဟာမိတ်တပ်ဖွဲ့တို့ ပူးပေါင်း၍ ဝင်ရောက်တိုက်ခိုက်ခဲ့ရာ တိုက်ပွဲဖြစ်ပွားချိန် ၁ နာရီခန့် ကြာခဲ့ပြီး တိုက်ပွဲ၌ စကစဘက်မှ တပ်သား- ၆ ဦးခန့် သေဆုံးခဲ့ပြီး ပူးပေါင်း မဟာမိတ်တပ်များမှ ရဲဘော်တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သတင်းရရှိသည်။

၂၀၂၂ မတ်လ (၂၀) ရက်နေ့ ကလေးမြို့မှ တက်လာသည့် စကစများနှင့် မကွေးတိုင်း ဂန့်ဂေါမြို့နယ် ဟံသာဝတီ၊ ကုက္ကား၊ မြောက်ခင်ရန်း ရွာများမှ ပျူစောထီးများ ပူးပေါင်းပြီး ဂန့်ဂေါမြို့နယ် မြစ်သာမြစ်တစ်ဖက်ကမ်းရှိ စစ်ဘေးရှောင်များရှိရာ နေရာများသို့ စကစဘက်မှ လက်နက်ကြီးများဖြင့်ပစ်ခတ်ပြီး စစ်ကြောင်ထိုးလာသော စကစ စစ်ကြောင်းနှင့် ဒေသတွင်းပူးပေါင်းတော်လှန်ရေးအဖွဲ့များအကြား ထိတွေ့မှုများဖြစ်ပွားခဲ့ပါသည်ရာ စကစဘက်မှ ထိခိုက်ကျဆုံးမှုများရှိခဲ့ပြီး အရေအတွက်ကို အတည်မပြုနိုင်သေးကြောင်းနှင့် ပြည်သူ့ကာကွယ်ရေးအဖွဲ့များဘက်မှ ရဲဘော် ၆ ဦး ကျဆုံးခဲ့ပြီး ၆ ဦးထိခိုက်ဒဏ်ရာ(မစိုးရိမ်ရ) ရရှိခဲ့ကြောင်း သတင်းရရှိသည်။

## စစ်ကောင်စီကျူးလွန်သော ရာဇဝတ်မှုများ

### ကချင်ပြည်နယ်

၂၀၂၂ မတ်လ (၂၀) ရက်နေ့ ကချင်ပြည်နယ်၊ ဟိုပင်မြို့နယ်၊ ဟိုပင်မြို့၊ အရှေ့တောင်ဘက်ရှိ လယ်တောထဲသို့ စကစတပ်မှ ပစ်သော လက်နက်ကြီးကျည် ထိမှန်ပြီး ဒေသခံရွာသားများ၏ နွားများကို ထိမှန်ခဲ့ပြီး သေဆုံးသွားခဲ့ကြောင်း သတင်းရရှိသည်။

### စစ်ကိုင်းတိုင်း

၂၀၂၂ မတ်လ (၂၂) ရက်နေ့ နံနက်ပိုင်း၌ စစ်ကိုင်းတိုင်း၊ ရေဦးမြို့နယ်၊ ရေဦးမြို့၊ နဘဲလှကျေးရွာမှ ကလေးငယ်တစ်ဦး စကစ ၏ သေနတ်သံ များကြောင့် သွေးလန့်သေဆုံးခဲ့ပြီး လူငယ်တစ်ဦး သေနတ်မှန် သေဆုံးခဲ့။ စကစ တပ်သားများ၏ ပစ်ခတ်မှုကြောင့် ပြည်သူ (၂) ဦး သေနတ်မှန်ခဲ့၍ ၎င်း (၂) ဦးအပါအဝင် ပြည်သူ (၂၅) ဦးခန့်ကို ရိုက်နှက်ခေါ်ဆောင်သွားခဲ့ကြောင်း သတင်းရရှိသည်။

၂၀၂၂ မတ်လ (၂၂) ရက်နေ့ စစ်ကိုင်းတိုင်း၊ ယင်းမာပင်မြို့နယ်၊ ထန်းတောကြီးကျေးရွာ၌ စကစ တပ်သားများက ကျေးရွာနေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းရရှိသည်။

### တနင်္သာရီတိုင်း

၂၀၂၂ မတ်လ (၂၀) ရက်နေ့ တနင်္သာရီတိုင်း၊ လောင်းလုံးမြို့နယ်၊ စစ်ပြဲကျေးရွာမှ CDM ကျန်းမာရေး ဝန်ထမ်း တစ်ဦးကို စကစအဖွဲ့မှ လာရောက် မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်းသတင်းရရှိသည်။

### မကွေးတိုင်း

၂၀၂၂ မတ်လ (၂၀) ရက်နေ့ မကွေးတိုင်း၊ ရေစကြိုမြို့နယ်၊ ထန်းငယ်တော ကျေးရွာအုပ်စု ကျောက်ထပ်ရွာသို့ စကစမှ အင်အား-၁၀၀ နီးပါးဖြင့် ကျေးရွာအတွင်း ဝင်ရောက်၍ နယ်မြေခံပြည်သူ-၂ ဦးအား ဖမ်းဆီးရိုက်နှက်ခြင်း၊ လူနေအိမ်များကို ဖျက်ဆီးခဲ့ကြကြောင်းနှင့် ဒေသခံပြည်သူ ၅၀၀ ခန့် ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်နေရကြောင်း သတင်းရရှိသည်။